## Highlights from DVB Debate’s Flood Victims Show

## Aug 8, 2015

## “How are Politicians helping Flood Victims?”

“ကျနော်တို့ဟာ အစိုးရမဟုတ်တော့ စိတ်ထဲရှိသလောက် မလုပ်နိုင်ဘူး၊ ပါတီအနေနဲ့တော့ နိုင်သလောက်လုပ်နေတယ်။ ရေကျသွားပြီး ပြန်လည်တည်ဆောက်ရေးလုပ်ဖို့အတွက်လဲ သုတေသနတွေလုပ်ပြီး ပြင်ဆင်နေပြီ”

ဦးကျော်မြင့် - ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်

---

“ချင်းပြည်နယ်မှာ လမ်းပန်းဆက်သွယ်ရေးအရမ်းခက်တော့ အရေးအကြောင်းကြုံလာရင် ကယ်ဆယ်ရေးဆင်းစရာဟာ လေကြောင်းလမ်းပဲရှိတယ်။ အဓိကလိုအပ်ချက်က လေယာဉ်ကွင်း၊ နောက် ရဟတ်ယာဉ်တွေ ပေးထားစေချင်တယ်”

ဦးနိုထန်ကပ် - ချင်းတိုင်းရင်းသားရေးရာဝန်ကြီး(စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့)

---

“ကျနော်တို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ ဆိုတာ ရှိပြီးသား အကောင်အထည်မဖော်နိုင်တာ။ ဘေးအန္တရာယ်တွေဖြစ်လာပြီဟော့ဆိုရင်လည်း နိုင်နိုင်နင်းနင်းအုပ်ချုပ်နိုင်တဲ့ အုပ်ချုပ်ရေးစနစ်မရှိဘူး။ လူထုကတဖက် အစိုးရကတဖက်ဖြစ်နေတယ်. ဒါကျနော် အစိုးရကို အပြစ်တင်နေတာမဟုတ်ဘူး အရင်းမြစ်ကိုရှာပြတာ”

ဦးကျော်မြင့် - ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်

---

“ကျမတို့ပါတီဝင်တွေလဲ လူထုထဲဆင်းပြီး သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ Research လုပ်ပြီး ပါတီကိုတင်ပြပါတယ်။ အကောင်အထည်ဖော်မှုအပိုင်းကတော့ အဆင်မပြေသေးဘူး။ အခုဆိုရင် ရေကျသွားပြီး ရွှံ့နွံတွေက ဒူးလောက်ကျန်နေသေးတယ် အခုအခြေအနေက ပိုဆိုးရွားနေတဲ့ အခြေအနေမှာ ရှိနေပြီ”

ဒေါ်အေးအေးမြင့် - အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း
(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)

---

"သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်လို့ ကူညီရေးဆောင်ရွက်ရာမှာ ပါတီတွေဟာ လူထုနဲ့ဆက်သွယ်ရေးပိုင်းတွေအားနည်းတယ် လူငယ်တွေဆို PR ကျွမ်းတယ်။ တနေ့ကို အလှူငွေဘယ်လောက်ရတယ် ငွေကြေးတပြားတချပ်ကအစ facebook မှာတင်တယ်။ ပါတီတွေလဲ ဒီလိုအတုယူပြီး ပါတီတွေဘာလုပ်နေတယ် ဘယ်မှာလှူနေတယ်ဆိုတာမျိုး လုပ်ဖို့ပေါ့"

ဦးအောင်မျိုးဦး - ရေဘေးကယ်ဆယ်ရေးပရဟိတအဖွဲ့

---